

မပျော်ဘူးလားဆိုတော့
ပျော်တယ်

## အခန်း (၁)

"တိတိကျကျတော့ အန်ကယ် မသိဘူးကွာ၊ ဒါပေမဲ့ ဖြစ်နိုင်တာတော့ တောင်ဥက္ကလာဘက်နဲ့ သဃ်ၤန်းကျွန်း တစ်ခုခုပဲလို့ ထင်တာပဲ။ အဲဒီမှာ ဖြစ်နိုင်တယ်"

"တောင်ဥက္ကလာဆိုတာ တော်တော်ဝေးလား အဘ"

"ဟား ... အဘလို့တော့ မခေါ်ပါနဲ့ကွာ ... ကလေးကလည်း အန်ကယ်က အခုမှ ... ငါးဆယ်ကို နည်းနည်းလေးပဲ စွန်းသေးတာ။ ဒီကနေဆို ဝေးတာပေါ့"

မခွာအေး တော်တော် စိတ်ညစ်သွားသည်။ ဒါ ... သူ တတိယမြောက် စုံစမ်းသောသူ ဖြစ်၏။ ပထမနှင့်ဒုတိယ နှစ်ယောက်က သူနှင့် ရွယ်တူလောက်ဆိုတော့ သူ့ကို စကားရိသဲ့သဲ့ပြောတာနှင့် သူ့လိပ်စာကို ပြန်ယူကာ သူ့အဘအရွယ် အသက်ကြီးကြီးလူကို မေးမိခြင်းဖြစ်သည်။

နယ်ကလာတဲ့သူအတွက် ရန်ကုန်ဆိုတာ ကြောက်ဖို့ကောင်းတယ် ဆိုတာ တကယ်ပါလား။ ဒါပေမဲ့ မခွာအေးဆိုတဲ့ ကောင်မလေးက လူသိပ်ကြောက်တတ်သူ မဟုတ်ပါ။ မိန်းကလေးဆိုတာ သတ္တိမရှိပေမဲ့ ဣန္ဒြေရှိရင် မြန်မာပြည်မှာ ဘယ်သူမှ မစော်ကားရဲဘူးဆိုတာ မခွာအေး သိပါသည်။

"ဘယ်လောက်ဝေးသေးသလဲ အဘ"

"ဟာ ... အဘလို့ မခေါ်ပါနဲ့ ... အန်ကယ်ပြောမယ်။ လိုင်းကားစီးရင် သုံးဆင့်လောက် စီးရမယ်။ အဝေးပြေး ကားဂိတ်ကဆိုတော့ မလွယ်ဘူး"

"ကျေးဇူးပဲနော် ... အဘ"

မခွာအေးက သူ့လိပ်စာရေးထားသော စာရွက်ကို ခပ်မြန်မြန်ဆွဲယူကာ ထွက်ခဲ့သည်။ အန်ကယ်ဟု သူ့ကိုယ်သူ ခေါ်စေချင်သော အဘကြီးကတော့ ငေးမောကာ ကျန်ရစ်ခဲ့သည်။ စတုတ္ထတစ်ယောက်ကို မိန်းမသားချင်းထဲက ရွေးရန် သူ ဆုံးဖြတ်လိုက်၏။

တစ်ညလုံး ကားစီးလာခဲ့ရတာမို့ တစ်ခုခုတော့ စားဦးမှဟု ကိုယ့်အစာအိမ်ကို ကိုယ်ကတိပေးကာ မုန့်ဟင်းခါးဆိုင် တစ်ဆိုင်ကိုဝင်ရသည်။ အဲဒီဆိုင်မှာပဲ မုန့်ဟင်းခါးစားရင်း သူ့နံဘေးမှာ လာထိုင်တဲ့ မိန်းကလေး တစ်ယောက်နဲ့ စကားစပ်မိပြီး သူက အကူအညီတောင်းတော့ ကြည်ဖြူစွာပင် ထိုမိန်းမက သူ့လိပ်စာ စာရွက်ကို ကြည့်ရင်းက ပြောသည်။

"ဟာ ... အဲဒီတိုက်ဝန်းက ကျွန်မတို့နားမှာပဲ၊ မင်းက အဲဒီမှာနေမှာလား"

"ဟင့်အင်း ... အဲဒီမှာနေတဲ့ ကျွန်မသူငယ်ချင်းရဲ့ အခန်းမှာ တည်းမလို့ပါ။ ကျွန်မက ရန်ကုန်မှာ Computer တက်ဖို့လာတာပါ"

"သြော် ... ဟုတ်ပြီ၊ တို့ကလည်း နယ်က ဆရာဖြစ်သင်တန်း တက်ပြီး ပြန်လာတာ။ စားပြီးရင် ကကငှားပြီး သွားကြတာပေါ့။ မင်းတိုက်ခန်းကို အရင်ဝင်ပို့ပေးမယ်လေ၊ ကားခကတော့ တစ်ဝက်စီ ခံကြတာပေါ့နော်။ ဒါနဲ့ မင်းနာမည်က ... "

"မခွာအေးပါ"

"မခွာအေး ဟင် အဆန်းကြီးပါလား"

"အဖေနဲ့အမေပေးတော့ ဒါပဲပေါ့"

"တို့နာမည်က သဇင်တဲ့။ မင်းတည်းမယ့် တိုက်ခန်းနဲ့ နေရာသိပ်မဝေး

ဘူး။ လိပ်စာပေးထားမယ် ကြုံရင်လာခဲ့နော်"

ဒီလိုနှင့် မခွာအေး ဧယျာဝတီအိမ်ရာ စခန်းဆိုသော အုတ်စီ ဆိုင်းဘုတ်ကြီးရှေ့မှာ ဆင်းခဲ့ရသည်။ မသဇင်က လိပ်စာရေးပေးကာ လက်ပြရင်းကားနှင့်ထွက်ကာ သွား၏။

ခွာအေး စိတ်ကိုတင်းကာ တိုက်ကြီးမှာ အခန်းတွေ အစီအရီရှိသော ဝင်းကြီးထဲသို့ ဝင်လိုက်သည်။ သူ့ဘဝကို စဖို့ မစန်းမွန်အောင် ဆိုသော သူငယ်ချင်းနှင့်တွေ့ဖို့သာ လိုပါတော့သည်။ အပြန်အလှန် စာရေးကြတုန်းက သူပေးထားသည့် လိပ်စာအမှန်ဆိုလျှင်တော့ တွေ့မှာကျိန်းသေပါသည်။ စန်းမွန်အောင်နှင့်သူက တက္ကသိုလ်တက်စဉ်က သူငယ်ချင်းဖြစ်ခဲ့သည်။ ပြီးတော့ အရမ်းခင်သွားကြ၏။ လွတ်လွတ်လပ်လပ် ကျောင်းတက်ကြရတုန်းနေ့တွေကို ပြန်တွေးမိတော့ သူ့ရင်ထဲမှာ နွေးကာသွားသည်။ စန်းမွန်အောင်က ဝတုတ်ကလေး ဖြစ်သည်။ ထမင်းလျှော့စားဖို့ သူ အကြံပေးသော်လည်း မရ။

"ဟယ် ... မိန်းကလေးဆိုတာ အစားရယ် စကားရယ်ပဲရှိတာ နှစ်ခုစလုံးမလျှော့နိုင်ပါဘူးနော်"

"ချက်ချင်းလျှော့ဖို့ မပြောပါဘူး ဖြည်းဖြည်းချင်းပေါ့"

"ဟင့်အင်း ... ဒီမှာ စန်းမွန်အောင်တို့က လူသာအသေခံ သွားမယ်၊ အစားကိုတော့ ဘယ်တော့မှ မလျှော့ဖူးဆိုတာ မင်းမှတ်ထား"

"ဟင်... သေသွားမှတော့ မင်း ဘာထပ်စားလို့ရဦးမှာလဲ"

စန်းမွန်အောင်က သူ့ပြူးနေသော မျက်လုံးကြီးကို ဖြဲ၍ သူ့ကိုကြည့်သည်။ ပြီးတော့ ခဏစဉ်းစားကာ အားရပါးရ ရယ်လေသည်။

"ဟယ် ဟုတ်ပါရဲ့... အေးနော်။ ဒါပေမဲ့ ငါကတော့ စားမှာပဲ"

ခွာအေး လမ်းလျှောက်လာရင်း တက္ကသိုလ် တက်ခဲ့တုန်းက စိတ်ထဲမှာ စွဲထင်နေသော အဖြစ်ကလေးတွေကို စိတ်စားမြို့ပြန်နေမိသည်။ ကျောင်းပြီးခါနီး နောက်ဆုံး ရက်ကလေးတွေကိုလည်း သူ့စိတ်ထဲမှာ စွဲကာနေ၏။

သူရော စန်းမွန်အောင်ပါ တက္ကသိုလ်မှာ ရည်းစားမရကြပါ။

ကိုယ်က အသည်းအသန်ချစ်သူကို မတွေ့ခဲ့ရသလို သူက အသည်းအသန်ကိုယ့်ကိုချစ်သော သူကိုလည်း မကြုံခဲ့ရ။ နည်းနည်းပါးပါး သွေးတိုးစမ်းပြီး ခပ်ကြောင်ကြောင်နှင့် ရည်းစားစကားမကျ၊ စတာ၊ နောက်တာမကျ လာပြောသော တစ်ယောက် နှစ်ယောက်ကိုတော့ ကြုံခဲ့ဖူးသည်။ စန်းမွန်အောင်ကတော့ ရည်းစားစကား အပြောခံရတာထက် အစ,အနောက် ခံရတာ ပိုများသည်။

တစ်နေ့ ကျောင်းပြီးခါနီး ပျစ်ချွဲပျစ်ချွဲလုပ်နေသော သမီးရည်းစား အတွဲတွေကို ကြည့်ကာ စန်းမွန်အောင်က ဆိုသည်။

"တက္ကသိုလ်က ခုံတန်းပြာနဲ့ ကော်ရစ်တာတွေက ငါတို့အတွက်တော့ ခင်မင်ခြင်းနဲ့ပဲ ပြီးတော့မှာနော်"

"အဲဒါ မကောင်းဘူးလား"

"ငါ့ကို ဝတုတ်ကလေးမို့ မကြိုက်ကြတာပါပဲ။ လူတွေက ဝ,ရင် နှိမ်ချင်တယ်"

မျက်ရည်ကလေး ဝဲရင်းပြောသော စန်းမွန်အောင်ကို ငေးကာ ခွာအေး သနားမိသွားသည်။ အားပေးဖို့ လိုပြီဟုလည်း ယူဆလိုက်၏။

"ကဲ ဒါဆို ခွာအေးကိုရော ဘာဖြစ်လို့ မကြိုက်တာလဲ"

စန်းမွန်အောင်က မျက်ရည်ဝဲနေသော သူ့မျက်လုံးကလေးဖြင့် သူ့ကို ငေးကာကြည့်သည်။ ခွာအေးက ကိုယ်လုံးကိုယ်ပေါက် ကျစ်လျစ်သွယ်လျသည်။

မိန်းကလေးတစ်ယောက်ရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းပုံမှာ ရှိသင့်သည့်အရာတွေ အဆင်ပြေပြေ စနစ်တကျရှိသည်။ အပြစ်ကင်းသော မျက်ဝန်းများကိုလည်း နှစ်မိနစ်လောက် စိုက်ကြည့်လိုက်လျှင် တွေ့နိုင်သည်။ တကယ်တော့ ခွာအေးသည် တက္ကသိုလ်ထဲက ကြယ်ပွင့်တွေအကြားမှာ တိတ်တိတ်ကလေး ထွန်းလင်းနေသော ကြယ်ကလေး တစ်လုံးသာ ဖြစ်သည်။

"အေးဟယ် ... နင်က အရမ်းလှပါတယ်၊ ငါ့စိတ်အထင်တော့ ငါတို့က ပဲ မများတတ်တာရယ်၊ ပြီးတော့ ဟိုလေ ... နင့်နာမည်ကြီးကြောင့်ရယ် ဖြစ်နိုင်တယ်"

"နာမည်နဲ့ ဘာဆိုင်လို့လဲဟ၊ ယောကျ်ားလေး ဆိုတာမျိုးက လူကိုကြိုက်ပြီးမှ နာမည်သိချင်တဲ့ သတ္တဝါပဲဟာ။ 'ခွာအေး'ဆိုတော့ ဘာဖြစ်သေးလဲ"

"အေးနော် ... နင့်နာမည်က ဆန်းတယ်။ ဘာလူမျိုးမို့ ဒီနာမည်ပေးတာလဲ"

"ငါက အညာသူ ဗမာစစ်စစ်ပါဟာ၊ ငါတို့အညာမှာက အမူအကျင့်ကို ကြည့်ပြီး နာမည်ပေးလေ့ ရှိတာပါ။ ငါ ငယ်ငယ်တုန်းက အမေ့နို့ စို့ပြီးသွားရင် အမေ့ကို ခွာပြီး အေးအေးဆေးဆေးကလေး နေတတ်လို့ အမေက ပေးတဲ့ နာမည်ပါ"

စန်းမွန်အောင်က သူ့ကို ငေးငေးကလေး ကြည့်ကာ ခဏစဉ်းစားပြီးတော့ အားရပါးရ ပြုံးသည်။ ဒီလိုနှင့် သူတို့ နှလုံးသားကိစ္စ မပြီးကြဘဲ ကျောင်းပြီးသွားကြသည်။ အမွန်က ရန်ကုန်မှာ ကျန်ခဲ့ပြီး သူက နယ်သို့ ပြန်ရသည်။ တစ်လတစ်ကြိမ် စာမှန်မှန်ရေးကြရင်း အမွန် အိမ်ပြောင်းတာရော၊ သူ ရန်ကုန်ကိုလာပြီး Computer တက်ဖို့ရော ချိတ်ဆက်မိကြခြင်း ဖြစ်သည်။

တိုက်ဝန်းကြီးထဲ တော်တော်ဝင်ပြီးသည့်အထိ လူ သိပ်မတွေ့ရပါ။ တိုက်ခန်းတွေ တော်တော်များများက အလွတ်တွေဖြစ်နေ၏။ ရှစ်လွှာအထိ

ရှိသော တိုက်ကြီးတွေမှာ နေသူ လေးငါးခန်းသာ ရှိတတ်သည်။ ခက်တာက အခုထိ စုံစမ်းရမည့်သူ တစ်ယောက်ကိုမျှ သူလျှောက်နေသည့် လမ်းပေါ်တွင် မတွေ့ခြင်းဘဲ ဖြစ်သည်။

ဟိုကြည့်သည်ကြည့်နှင့် သူလျှောက်လာတုန်း လမ်းအကွေ့တစ်ခုက ထွက်လာသော လူတစ်ယောက်ကို တွေ့သည်။ ခွာအေး ထီးကိုပိတ်ကာ ရပ်လိုက်သည်။

"ဒီလိပ်စာကို သိလားဟင်’’

အမေးခံရသူက သူ့ကို အရင်ကြည့်သည်။ ပြီးတော့မှ သူပြသောလိပ်စာ စာရွက်ကို ကြည့်ကာ သူ့ကို ဖြဲခနဲ တစ်ချက်ရယ်ကာ အားရပါးရ ကြည့်သည်။ လိပ်စာ စာရွက်နှင့် သူ နှစ်ခုတွင် ထိုလူက သူ့ကို ပိုစိတ်ဝင်စားဟန် တူပါသည်။

"အဲဒီအိမ်မှာ ဘယ်သူရှိလို့လဲ"

"ကျွန်မ ဦးလေး"

စာရွက်ကိုင်ထားသူ နည်းနည်းတော့ ရှုံ့ကာသွား၏။ "ကျွန်မသူငယ်ချင်း" ဆိုလျှင် သူ့ဘက်က ပိုဆိုးလာနိုင်သည်ဟု တွက်ကာမိန်းကလေးတို့၏ တ ်ခနုပတ္တိဉာဏ်နှင့် ခွာအေး ဖြေလိုက်ခြင်း ဖြစ်ပါသည်။

"နာမည် ဘယ်သူလဲ"

"ဦးမြဒင်"

"ပုံစံက"

"ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်းနဲ့၊ လက်မောင်းနှစ်ဖက်နဲ့ကြောမှာ ဆေးရုပ်တွေ အပြည့်ထိုးထားတယ်။ ထောင်က ထွက်တာ သိပ်မကြာသေးဘူး"

စာရွက်ကိုင်ထားသူ ပခုံးနှစ်ဖက်ကျုံ့ကာ ခေါင်းနည်းနည်းငုံ့ကာ သွား၏။

"ကျွန်တော်လည်း ဒီတိုက်ကို ပြောင်းလာတာ သိပ်မကြာသေးဘူး ဆိုတော့ လူအကုန်လုံးကို မသိသေးဘူး။ ဒီတိုက်ဝန်းက လူတွေကို နေခွင့်ပေးတာ သိပ်မကြာသေးဘူးလေ။ တချို့တိုက်တွေဆို ပြီးတောင်မပြီးသေးဘူး"

"ဒါဆိုလည်း ကျေးဇူးပါပဲ"

ခွာအေးက ခပ်ထန်ထန်ပြောရင်း ထိုလူ့လက်ထဲက လိပ်စာစာရွက်ကို "ဆတ်"ခနဲ ဆွဲယူလိုက်သည်။ ထိုလူ သူ့ကို ကြောင်ငေးကာသာ ကြည့်သည်။

"မင်းပြောတဲ့သူကို မသိပေမဲ့ အဲဒီ တိုက်ခန်း နံပါတ်ကိုတော့သိတယ်။ ဒီကနေ ဘယ်ချိုး၊ ညာကွေ့၊ ပြီးရင် အဲဒီလမ်းတည့်တည့် ဆုံးအောင်လျှောက်ပြီး ညာဘက်ထပ်ကွေ့ရင် ရောက်ပြီ"

ခွာအေး လှည့်ကြည့်ပြီး တစ်ချက် ပြုံးပြတော့ ထိုပုဂ္ဂိုလ်က သူ့နောက်ပိုင်းကို ရှုစားလျက်ရှိ၏။ "ရန်ကုန်ဆိုတာ ကြောက်ဖို့ကောင်းတယ်၊ အစစအရာရာ သတိထား"ဟု သူ့အဒေါ်က မှာတုန်းကတော့ ခပ်အေးအေးပဲ သဘောထားခဲ့သည်။ ကျောင်းတက်တုန်းကတော့ နေရတာကလည်း သီရိဆောင်၊ တက္ကသိုလ်ကျောင်းသား ကတ်ကလည်း ရှိတော့အစစအရာရာ လုံခြုံမှုရှိသည် မဟုတ်လား။ ကိုယ့်ဘေးမှာကလည်း သူငယ်ချင်းတွေ အပြည့်နဲ့ဆိုတော့ ဘာမှ ပူစရာမလို။ အခု ဒီလိုမဟုတ်တော့မှန်း ခွာအေးကိုယ့်ကိုယ်ကိုယ် သိပါသည်။

ထိုပုဂ္ဂိုလ်ညွှန်ပြသော လမ်းအတိုင်း ခွာအေး ဣန္ဒြေအပြည့်နှင့် လျှောက်ခဲ့သည်။ နေ့ခင်း တစ်နာရီကျော် နေရောင်သည် တိတ်ဆိတ်သော တိုက်ဝင်းကြီးကို ပို၍ ခြောက်သွေ့စေလေသည်။

ထိုပုဂ္ဂိုလ် ညွှန်ပြလိုက်သော လမ်းဆုံးတော့ မြက်ရိုင်းပင်တွေ တောထနေ

သော ကွင်းပြင်ကြီးကိုသာ တွေ့ရသည်။ ဘာတိုက်ခန်းမှ မရှိ။ ခွာအေး တောက်တစ်ချက် ခတ်လိုက်သည်။ အခုအချိန်ကစပြီး ဘယ်သူ့ကိုမှ မယုံဖို့ ကိုယ့်ကိုယ်ကိုယ် ကတိပေးလိုက်၏။

ပြီးတော့ ရင်ကိုကော့ကာ တိုက်ခန်းတွေရှိရာဘက်သို့ အထုပ်အပိုးတွေကို ပြန်လွယ်ရင်း အံကြိတ်ကာ လျှောက်လာခဲ့သည်။

***

ဗညား သူ့အဖြစ်ကို ဟစ်၍ဟစ်၍လည်း ရယ်ချင်သည်။ ဒါမှမဟုတ် တိုးတိုးကလေးကြိတ်၍လည်း ငိုချင်သည်။ သို့သော် နှစ်ခုစလုံးကို လုပ်မရသဖြင့် အိပ်ရာပေါ်တွင် စိတ်ဓာတ်ကျကာ လှဲနေရုံသာ တတ်နိုင်သည်။

ဒီအချိန်ဆိုလျှင် မေမေနှင့်ညီမလေးတို့ ဖွယ်ဖွယ်ရာရာ ဟင်းကောင်းကောင်းတွေ ချက်ကာ ထမင်းစားဖို့ စီစဉ်နေလောက်ပြီ။ သူ့မှာတော့ ဆောက်ပြီးလက်စ တိုက်ခန်းလွတ်တစ်ခုထဲမှာ တစ်ယောက်တည်း။

ခုတင်တစ်လုံး၊ ရေသန့်ဘူးကြီးတစ်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်များ၊ စည်သွတ်ဘူးတွေ ပေါင်မုန့်ထုပ်တွေ၊ ပြီးတော့ ထမင်းလခ ပေးစားထားတဲ့ ထမင်းချိုင့်တွေသာ ရှိသည်။

တစ်ခါတလေ သူ့ထမင်းစားပွဲခုံပေါ်မှာ ပိုးဟပ် သုံးလေးကောင်လောက် DANCE က,ချင် ကနေတတ်သည်။ ပုရွတ်ဆိတ်တပ်ကြီး တွေကလည်း ချီတက်လျက်ရှိ၏။ ကြွက်နှစ်ကောင် သုံးကောင်ကလည်း ဘယ်သူပိုလျင်သလဲ၊ ပြေးပွဲကြီး ကျင်းပကြသည်။ ဒါတွေကို သူ ဒီလောက် စိတ်မပျက်၊ စိတ်အပျက်ဆုံးက အင်္ကျီအဝတ်အစားပင် ဖြစ်သည်။

အရင်တုန်းက ဗညားလာပြီဆိုလျှင် ပရုတ်လုံးနံ့သင်းနေသောအင်္ကျီမှာ ခေါက်ရိုးမပျက်၊ အမြဲတမ်း ပြီးတော့ အင်္ကျီမထပ်စေရ။ အခုတော့ ဝတ်ပြီး

သားအင်္ကျီတွေကို ဒီလိုပင်ပုံကာ ထားရသည်။ သူကိုယ်တိုင်ကလည်း မ လျှော်တတ်၊ ပင်မင်းဆိုင် ဘယ်နားရှိမှန်းကလည်း မသိ။ ဖြစ်သလိုနေရ တယ် ဆိုတာ ဒါပါလားဟု ဗညား နည်းနည်း သဘောပေါက်ကာ လာသည်။

ထမင်းလခပေးတဲ့ဆိုင်က လာပေးတဲ့ ချိုင့်ကို ဖွင့်ကြည့်တော့ ထုံးစံ အတိုင်း ကြက်ပေါင် တစ်ချောင်းနှင့် ရင်ပုံသားတစ်တုံးက ချိုင့်ထဲမှာထုံးစံ အတိုင်း လဲ့လျောင်းငြိမ်သက်စွာ သူ့ကို စောင့်ကာနေသည်။ ပြီးတော့ မြင်းခွာရွက်နည်းနည်း ဂေါ်ဖီလေးငါးဖတ်နှင့် ခရမ်းကြွပ်သီး နှစ်လုံး၊ ကြွပ်ကြွပ်အိတ်နှင့် ထည့်ထားသည့် ငါးပိရည်။ နောက်တစ်ချိုင့်ကို လှန် တော့ မျှစ်ကြော်ကတစ်ပုံ၊ ပဲလိပ်ပြာနှပ်က တစ်ပုံ။

ဗညား ခေါင်းကို ယမ်းကာ အသင့်တော်ဆုံးဟု ထင်ရသော အင်္ကျီတစ် ထည်ကို ကောက်စွပ်ပြီး ထွက်ရန်ပြင်သည်။

သူ ဒီလိုနေရတာကို တွေ့လို့ မေမေမျက်ရည်ကျမယ် ထင်သလား။ ဝေး သေး။ မေမေသည် သူ့အမိန့်ကို မနာခံလျှင် ကြင်နာသနားခြင်းနှင့် ချစ်ခြင်း ကို နောက်မှာ ဝှက်ထားကာ ဒေါသကိုသာ ရှေ့တန်း တင်တတ်သူဖြစ်သည်။ အခုလည်း မေမေ့အမိန့်ကို မနာခံနိုင်သဖြင့် ဆန္ဒပြကာ ဗညားအိမ်ပေါ်မှ ဆင်းလာခြင်း ဖြစ်သည်။ သူ့စိတ်ကူးက တစ်ပတ်လောက်နေလျှင် ဒီလို ဆင်းဆင်းရဲရဲ နေရသော သားကလေးကို သနားကာ ပြန်လာခေါ်လိမ့်မည် ဟု ထင်သည်။ တစ်ပတ်လောက် အကြာမှာ မေမေနှင့်ညီမလေးတို့ ရောက်လာပါသည်။

သို့သော်

မေမေက သူ့အခန်းကို တစ်ချက်ကြည့်ပြီး "ဒီလိုလည်း နေနိုင်သားပဲ" ဟု မှတ်ချက်ချကာ ပိုက်ဆံတစ်ထပ်ကို ခုံပေါ်သို့တင်သည်။ ညီမလေးက ဘုရား ဆင်းတုတော် တစ်ဆူကို ဘုရားစင်ပေါ်တင်ကာ ယူလာသော ပန်းအိုးသုံး

လုံးနှင့် ပန်းများကို ထိုးသည်။ ပြီးတော့ သူ့ကို လျှာထုတ်ကာ ပြောင်ပြ၏။

"အေး ငါပြောတဲ့အတိုင်း ငါ စီစဉ်တဲ့အတိုင်း လက်ခံမယ်ဆိုရင် မင်း အချိန်မရွေး အိမ်ပြန်လာနိုင်တယ်။ အေး လက်မခံနိုင်ဘူး ဆိုရင်လည်း မင်း ကြိုက်သလို နေနိုင်တယ်"

သူ စကားတစ်ခွန်းမျှ ပြန်မပြောမိ။

"အေး မင်းရဲ့ရွေးချယ်မှုဟာ မင်းအနာဂတ်ပဲ"

သူ မေမေပေးခဲ့သော ပိုက်ဆံကို ယူပါသည်။ သို့သော် မေမေ့ထံကိုတော့ ဒီနေ့အထိ ပြန်မသွားဖြစ်သေးပါ။ ဒီအကြောင်းတွေ စဉ်းစားရင်း လှေကားမှ ခပ်သွက်သွက်ဆင်းလာခဲ့သည်။

"ဟော့ ... ဟော့"

သူ့ဆီမှာရှိတဲ့ ငွေကလေး ပြောင်ရင်တော့ ညီမလေးကိုပဲ အားကိုးရဦးမည်ဟု တွေးနေမိသည်။

"ဟော့ ဟော့ ဒီကခေါ်နေတာ မကြားဘူးလား"

သူ လှည့်ကြည့်တော့ အိတ်တစ်အိတ်ကို ခေါင်းမှာ ထမ်းကာ အိတ်တစ်အိတ်ကို လက်မှာ ဆွဲထားသော ကောင်မလေး တစ်ယောက်ကို တွေ့ရသည်။ သူကြည့်တော့မှ ကောင်မလေးက ခေါင်းပေါ်က အထုပ်ကို အောက်သို့ ချလိုက်သဖြင့် သူ့ကိုခေါ်တာ သေချာသွားပြီ။ ဒီအထိ သူ ကောင်မလေးကို ငေးကာ ကြည့်နေမိသည်။ ကောင်မလေးက အရမ်းကြီးကို လှသည်။

ကိုယ်လုံးကိုယ်ပေါက်၊ အရပ်အမောင်း၊ ဘာမှ ပြောစရာ မလို၊ ဘာတွေညာတွေ ဆွဲမထားဘဲ စိမ်းမြနက်မှောင်သော မျက်ခုံးနှစ်ဖက်နှင့် ဝိုင်းစက်လှပသော မျက်ဝန်းတစ်စုံ၊ ဆံပင်တစ်ထွေးကြီး ကိုတော့ ရိုးရိုးပင်တစ်ပတ်လျှိုကာ ထုံးထားသည်။ သူ ငေးကာ ကြည့်နေမိသည်။

လာပြန်ပြီ တစ်ယောက်ဟု ခွာအေး တွေးမိသည်။ သူ့ကို ပြူးတူးတူး ကြောင်တောင်တောင်နှင့် ငေးနေသော်လည်း သူ့ပုံစံက ရည်မွန်ဟန်တော့ရှိပါသည်။ ကိုယ်ကလည်း ခေါ်ပြီးပြီဆိုတော့ မထူးတော့ပြီ။ အိတ်ထဲက လိပ်စာ စာရွက်ကို ထုတ်ရင်း

"တိုက်နံပါတ် ၂၃ ကို သိလား"

သူနေသည့် တိုက်ခန်းကို မေးနေသည့်အတွက် ဗညား ကြောင်ကာ သွားခြင်းဖြစ်သည်။

"တိုက်နံပါတ် ၂၃"

"အ ... အ အဲဒီက ... တ တိုက်က ဟို ... ဘက်မှာ"

ဗညား တုန်လှုပ်ကာ စကားတွေ ထစ်ကုန်သည်။ တစ်ခါတုန်းက ညီမလေးက "ကိုကို အဲလိုပဲနေမယ်ဆိုရင် မေမေက အဲဒီကောင်မလေးကို ကိုကိုရှိတဲ့အခန်းကို ပို့လိုက်မယ်" ဟု သူ့ကို ပြောခဲ့ဖူးသည်။ အဲဒါ ဒီကောင်မလေးများလားဟု တွေးမိသွားသောကြောင့် လန့်ကာ စကားတွေ ထစ်ကုန်ခြင်းဖြစ်သည်။ မေးနေတာကလည်း သူနေသော တိုက်ခန်းနံပါတ် မဟုတ်လား"

လာပြန်ပြီ 'ဟိုဘက်တစ်ယောက်'ဟု ခွာအေး တွေးသည်။

"ဟိုဘက်၊ ဒီဘက် မလုပ်နဲ့၊ မသိရင် မသိဘူးပြော။ လူကို ဒုက္ခပေးဖို့တော့ မကြိုးစားနဲ့ ဒါပဲ"

ဗုဒ္ဓေါ ရုတ်တရက် အဟောက် ခံလိုက်ရသဖြင့် ဗညား ပိုကြောင်ကာသွားသည်။ ဧကန္တ ဟုတ်ပြီထင်သည်။

"တ ... တ ... တကယ် ... ပါ။ ဒ ... ဒဒီတိုက်ပြီးရင် ဘေး ဘေးကတိုက် ... ပါ။ ... ဟို တိုက်နံပါတ်တွေက ... မယ် ... ရေးရသေး

လ ... လို့"

ပုံစံက ရည်ရည်မွန်မွန်ရှိသည်။ မျက်ဝန်းကလည်း ရိုးသားဟန် ရှိသည်။ ပြီးတော့ သူ့ကိုလည်း ကြောက်နေဟန်ရှိ၏။ လူပုံက သန့်သန့်ကလေးနဲ့ စကားထစ်နေသော ထိုလူကို ခွာအေး သနားကာ ဘာမှ ထပ်မမေးတော့ဘဲ သူ့အိတ်တွေကို ကောက်ကာလွယ်သည်။

"လ ... လ ... လိုက်ပို့ရရမယ်လား"

"ကျေးဇူးပဲ ရပါတယ်၊ အဲဒီတိုက်က မစန်းမွန်အောင် ဆိုတာသိလား"

ဗညား အခုမှ ရင်ထဲမှာ အလုံးကြီး ကျကာ သွားသည်။ သူ့ဆီလာခြင်း မဟုတ်၊ ခပ်သွက်သွက်ပင် ခေါင်းကို ခါလိုက်သည်။ ကောင်မလေးက ပြုံးပြုံ ကာ အိတ်တွေဆွဲရင်း ထွက်ကာသွား၏။ နောက်ပိုင်းကို တစ်ချက် ကြည့် လိုက်ပြီးမှ ဗညားမျက်နှာကို ချက်ချင်းလွှဲကာ ငူငူကြီးရပ်နေမိသည်။ ထမင်းစားချင်စိတ်ပင် မရှိတော့။

***

ဒုတိယအကြိမ် တံခါးကို ခေါက်ရင်း ခွာအေး အသက်ကို အောင့်ကာ ထား မိသည်။

အပြင်ကိုများ သွားသလား၊ ဒါမှမဟုတ် အခန်းများ ပြောင်းသွားကြပြီ လား။ ထိုစဉ်မှာပင် အထဲမှ တံခါးဖွင့်သံကို ဝမ်းသာစရာ ကြားလိုက်ရ သည်။

"အမွန်"

"ဟယ် ... မိခွာ"

သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရ တံခါးဝကြီးမှာ ဖက်ကြသည်။ ခွာ အေးဖက်တာက ပိုအားသာသည်။ ဟုတ်တယ်လေ။ စန်းမွန်အောင်နှင့် မ

တွေ့လျှင် သူ ဘာဆက်လုပ်ရမည် ဆိုတာကိုတောင် မသိတော့။ အညာကို ပြန်ဖို့သာ ရှိတော့သည်။

ပြီးတော့ သူငယ်ချင်းနှစ်ယောက် စကားတွေလုကာ ပြောကြသည်။

"ကျော်ထင်အောင်တို့ လက်ဖက်ရည်ဆိုင် ပြုတ်သွားပြီတဲ့ဟ"

"ဟောတော့ ဘယ်လိုဖြစ်ရတာတုံး"

"မသိပါဘူးဟာ သူ အိမ်ထောင်းကျပြီးတော့ အမွေခွဲလို့ဆိုလား"

"သူသာ နင့်ကို ယူလိုက်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးနော်၊ သူကလည်း ကျော်ထင်အောင်၊ နင်ကလည်း စန်းမွန်အောင် ဆိုတော့ အောင်နှစ်အောင် ပေါင်း ဟပ်ချလောင်းဆို စီးပွားတက်သွားမှာ"

"ကောင်မနော် အကောင်း ပြောနေရင်းက"

သူငယ်ချင်းနှစ်ယောက် ကုတ်ကြ၊ ဖဲ့ကြ၊ ပြေးကြလွှားကြ ပြန်သည်။ အမြဲ တိတ်ဆိတ် နေတတ်သော တိုက်နံပါတ် ၂၃ သည် ခဏတော့ ဆူညံကာသွားသည်။ ပြီးမှ တံခါးဝက ခွာအေးရဲ့ အိတ်တွေကို အထဲသွင်းကာ သယ်နေတုန်း နေ့လယ်နေ့ခင်း နားနေဟန်တူသော စန်းမွန်အောင် အဒေါ် ထွက်ကာ လာသည်။

"ရော့ ... ဒါက ထန်းလျက် ပေါက်ပေါက်ဆုပ်၊ ဒါက ပုန်းရည်ကြီးထုပ်"

လက်ဆောင်ပစ္စည်းတွေ ပေးတော့မှ ခွာအေး သတိထားမိသည်။

စန်းမွန်အောင်တို့ ဧည့်ခန်းမှာလည်း အထုပ်အပိုးတွေနဲ့ပါလား။ ဒါကို စန်းမွန်အောင် ကလည်း မြင်ပုံရသည်။

"သူငယ်ချင်း မင်း ဒီကိုလာတာ အေးအေးဆေးဆေးပဲ မဟုတ်လား"

"မဟုတ်ဘူးကွ၊ အခု ကိုယ်တို့မြို့ကလေးမှာ ဘဏ်ခွဲတစ်ခု လာဖွင့်တယ်။ အဲဒီမှာ ကိုယ်ဝင်လုပ်နေတာ ရှစ်လရှိပြီ။ အခု အဲဒီဘဏ်ရဲ့Computer ကိုင်ဖို့

ကိုယ့်ကိုရွေးပြီး ဒီက ပင်မဘဏ်ကြီးမှာ လေးလလာတက်ရမှာ။ မင်းတို့အိမ်မှာ တည်းရင်း သင်တန်းတက်ရမှာပဲ"

စန်းမွန်အောင် သက်ပြင်းကို ချသည်။ အခုမှ အမောမပြေတတ်သေးသော သူငယ်ချင်းကို စိတ်လည်း မဆင်းရဲစေချင်။

"လာကွာ တို့အောက်မှာ ကြေးအိုးသွားသောက်ရင်းနဲ့ စကားပြောကြတာပေါ့"

ခွာအေး အားရပါးရပြုံးကာ ခေါင်းကို တစ်ချက်ဆတ်ပြီး သဘောတူလိုက်သည်။ ဟုတ်တယ် ရန်ကုန်က ကြေးအိုးကို သူ မသောက်ရတာကြာပြီ။

ခုနက ထမင်း မဆာတော့သလို ဖြစ်၍ အခန်းပေါ် ပြန်တက်လာသော ဗညား အခုကျတော့ ထမင်းစားဖို့ အောက်ဆင်းရန် တံခါးနားအရောက် အပေါ်လှေခါးက ဆင်းလာနေသော အသံများကြောင့် တံခါးကိုဖွင့်ပြီးမှ အသာနားထောင်နေမိသည်။

"မင်းဆီ လာရတာလည်းကွာ စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ရှာရတာထက်တောင် ခက်သေးတယ်

"အေးပေါ့ ရန်ကုန်က တို့ကျောင်းပြီးသွားတဲ့ အနေအထားကနေ တော်တော် ပြောင်းလဲသွားတာကိုး"

"မိန်းကလေး တစ်ယောက်နဲ့ လမ်းကြောင်းတူလို့ ဒီထဲရောက်တော့ ပထမတစ်ယောက်က ငါ့ကို လူမရှိတဲ့ကွင်းဘက် လက်ညှိုးထိုးပြတယ်၊ ဒုတိယတစ်ယောက်နဲ့ တွေ့လို့သာ မင်းအခန်း ရောက်လာတာ"

တံခါးဝနားကပ်ပြီး ဗညား အသက်ကိုအောင့်ကာ ထားမိသည်။

"မင်းတို့တိုက်ကပဲ ဆင်းလာတာလေ။ လူကတော့ လူရည်သန့်ပဲ၊ ဒါပေမဲ့"

"ဒါပေမဲ့"

စန်းမွန်အောင်က သူ့တံခါးဝမှာ ခဏရပ်ကာ တအံ့တသြမေးသည်။

"စကားထစ်နေတယ်ကွ၊ ခွာကလည်း ပထမတစ်ယောက် ထိထားတော့ ကိုယ်ကလည်း အကူအညီတောင်းသေး ဖိလည်းဟောက်သေး၊ ပြီးမှ သူ စကားထစ်မှန်းသိတော့ အရမ်းကို အားနာသွားတာ နင် သူ့ကို မသိဘူးလား"

"ငါ ဒီတိုက်ခန်းမှာနေတာ တစ်နှစ်ကျော်ပြီဟ၊ စကားထစ်တဲ့ လူတော့ တစ်ယောက်မှ မတွေ့ဖူးသေးဘူး"

"ဩော် ဒီလှေကားကပဲ ဆင်းလာတဲ့ဟာ၊ ရုပ်ခပ်သန့်သန့်ဟာ"

"ကဲ မိရွှေခွာအေးရေ စကားပဲထစ်ထစ်၊ ပါးပဲအစ်အစ် ငါတော့ ဗိုက်ဆာပြီ ဆိုင်သွားဖို့က အရေးကြီးတယ်"

"ငါက သူ့ကို သနားလည်း သနား အားလည်းနာလို့ပါဟာ"

လှေကားပေါ်က ဆင်းသွားသော ခြေသံတွေနှင့်အတူ စကားသံက တဖြည်းဖြည်း ဝေးဝေးသွား၏။ ဗညား တံခါးကိုမှီကာ အောင့်ထားသည့် အသက်ကို လျှော့ချလိုက်တော့ သက်ပြင်း တစ်ခု ဖြစ်ကာသွား၏။

ဘာကြောင့်မှန်းတော့မသိ။ ဗညား ထမင်း မဆာတော့ပြန်ချေ။

***

စန်းမွန်အောင်စကား ဆုံးတော့ ခွာအေး မငိုမိအောင် စိတ်ကို အတော် တင်းကာ ထားရ၏။ မနက်ဖြန်မနက်ကို စန်းမွန်အောင်တို့က သူ့အဒေါ် တောသို့ ခဏပြန်ကြမည်။ (၁၀)ရက်ခန့် ကြာကြမည်ဟု ဆိုသည်။ ကိစ္စက မပြန်၍မဖြစ်၊ သူ့အဒေါ် အစ်ကိုအကြီးဆုံး၊ ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူသည့် ကိစ္စ၊ ဆွေမျိုးမောင်နှမသားချင်း မဆုံ၍မရ။

"ငါ နင့်ကို မထားချင်လို့ မဟုတ်ဘူးနော် ခွာအေး၊ ငါ့အဒေါ်ကလည်း

ကျန်းမာရေး မကောင်းတော့ ရေလမ်းတစ်လှည့်၊ ကုန်းလမ်းတစ်လှည့် သွားရမယ့်လမ်းမှာ သူ့တစ်ယောက်တည်း ဘယ်လိုမှ လွှတ်လို့မရဘူး"

"ငါ နားလည်ပါတယ်ဟာ"

ခွာအေး ဒီကိုလာရတာ လွယ်လွယ်ကူကူ လာခဲ့ရတာ မဟုတ်ပါ။ စာမေးပွဲ ဖြေရသည်။ Interviwe ဖြေရသည်။ နောက်ဆုံး ဆန်ခါတင်နှစ်ဦး အင်တာဗျူးပြီးမှ သူ့ကို ရွေးချယ်ကာ လွှတ်လိုက်ခြင်း ဖြစ်သည်။

သူ ရန်ကုန်ကို ရောက်ပြီးမှ သင်တန်းမတက်တော့ဟု ဆိုကာ ပြန်သွားလျှင် အခွင့်အရေး တစ်ခုလည်း ဆုံးရှုံးမည်၊ သိက္ခာလည်း ကျမည်။

ခွာအေး နင် ဘာလုပ်မလဲ။ စဉ်းစားစမ်း။ သူ နောက်ကိုတော့ ပြန်မဆုတ်နိုင်ပါ။

"ငါ နင့်ကို မထားချင်လို့ ပြောနေတာ မဟုတ်ဘူးနော်"

"နင်မသွားခင် ငါ့ကို တစ်ခုတော့ ကူညီဟာ။ အဆောင်ရှာပေးခဲ့"

"ဟာ ... အဲဒါကောင်းတယ် ဟ၊ နင် အများဆုံးနေရလှ တစ်လပေါ့ဟာ၊ ငါတို့က ၁၀-ရက်လောက်ပဲ ကြာမှာပဲဟာ"

ဒီလိုနှင့် သူတို့နှစ်ယောက် အဆောင်တွေရှိရာ ခြောက်မိုင်ခွဲ၊ စံပယ်လမ်း၊ စံရိပ်ငြိမ်၊ လှည်းတန်း၊ အင်းစိန်ဘက် တစ်နေကုန် လှည့်ကြသည်။ ဒါပေမဲ့ အဆောင်တွေ အားလုံးက ကျောင်းသားတွေနှင့် ပြည့်နေပြီ။ ရသည့် အဆောင် ကျတော့လည်း ပတ်ဝန်းကျင်က မကောင်း၊ နံဘေးမှာ အရက်ပုန်းဆိုင်က ရှိသည်။ ပြီးတော့ အခန်းဖော်ကလည်း မရှိ။ တစ်ဦးတည်းကိုသာ ငှားစရာ နေရာရှိသည်။ နေရာက တဲသာသာ။

"ဘာပဲဖြစ်ဖြစ် ငါကတော့ နေမယ်ဟာ"

"မဖြစ်ဘူး ခွာအေး၊ ဒီလိုနေရာမျိုးမှာ နင့်ကို ငါဘယ်လိုမှ စိတ်မချဘူး"

"ငါကလည်း ဒီသင်တန်းကို လက်လွှတ်ပြီး နယ်ကိုပြန်လို့ လုံးဝမဖြစ်ဘူး"

သူတို့နှစ်ယောက်စလုံး ခဏ ငြိမ်သွားကြသည်။ ပြီးမှ စန်းမွန်အောင်က စဉ်းစဉ်းစားစားနှင့် ပြောသည်။

"နင် 'ဒီမှာနေမယ့်အစား ငါ့အခန်းမှာပဲ နေပါလား ခွာအေးရယ်၊ တို့အိမ်ရာက မစုံသေးဘူးဆိုပေမဲ့ ငါတို့တိုက်မှာဆို ဆယ့်ခြောက်ခန်းမှာ ကိုးခန်း လူရှိတယ်။ ပြီးတော့ လူရည်သန့်တွေချည်းပဲ။ ဝင်းတံခါးရှိတယ်၊ စားစရာဆိုင်တွေနဲ့လည်း နီးတယ်၊ ဈေးနဲ့လည်း နီးတယ်၊ ငါတို့အိမ်မှာ ကလည်း ပစ္စည်းတွေ အစုံရှိတာပဲ။ ဈေးသွားပြီးပဲ ချက်စားစား၊ ဆိုင်ကပဲ ဝယ်စားစား ရတာပဲ။ ဘေးခန်းက မိသားစုရယ်၊ အောက်ထပ်က အန်တီတို့နဲ့လည်း အပ်ပေးထားခဲ့မယ်။ ငါကလည်း ၁၀-ရက်လောက်ပဲ ကြာမှာပဲ ဟာ ... နော်"

ခွာအေး စဉ်းစားသည်။ ဒီလိုနေရာမျိုးမှာ နေတာထက်စာလျှင်တော့ သူငယ်ချင်းအခန်းသည် အဆင်အပြေဆုံး ဖြစ်သည်။ သူ ဘာဖြစ်လို့ တစ်ယောက်တည်း မနေရဲရမည်နည်း။

ဆိုင်ခေါက်ဆွဲပြုတ် တစ်ထုပ်၊ ပေါင်မုန့်သုံးထုပ်၊ တီးမစ်နှစ်တွဲနှင့် ဗညား တံခါးဖွင့်ရန် အတော် အခက်အခဲဖြစ်ကာ နေသည်။ ခေါက်ဆွဲပြုတ်ထုပ် ကိုလည်း အောက်သို့ ချမထားချင်၊ လက်နှစ်ဖက်စလုံး ကလည်း မအား။ နောက်ဆုံး ခေါက်ဆွဲပြုတ် ဆွဲထားသောဘက် လက်ချိုင်းကြားမှာ ပေါင်မုန့်ထုပ်တွေကို ညှပ်၊ တီးမစ်တွဲကို ပါးစပ်က ကိုက်ကာ သော့ကို အိတ်ထဲက နှိုက်ပြီး ခက်ခက်ခဲခဲ ဖွင့်နေတုန်း နေ့ခင်းက သူ့ကို လိပ်စာမေးသော ကောင်မလေးနှင့် သူ့အပေါ်ထပ်အခန်းမှာ နေသည့် ကောင်မလေးတို့ တက်လာကြခြင်း ဖြစ်သည်။

သူ့ကို လိပ်စာမေးသည့် ကောင်မကလေးက တစ်ချက် စိုက်ကြည့်ရင်း သူ့

ကိုကွေ့ကာ အပေါ်ထပ် လှေကားသို့ အတက် ဗညား၏ တံခါးလည်း အပွင့် ဖြစ်သည်။ ဗညား အခန်းထဲ လှမ်းအဝင်မှာ ...

"အမွန် ငါပြောတဲ့ စကားထစ်တယ်ဆိုတာ သူပေါ့ဟ၊ သနားပါတယ် ဟယ်" ဆိုသော စကားသံကို ပီပီသသကြီး ကြားလိုက်ရသည်။

အခန်းထဲရောက်တော့ ဗညား ခေါက်ဆွဲပြုတ်သောက်ရင်း စဉ်းစားသည်။ သူ့ကို သားဦးမို့ အမေနှင့်အဖေက တုန်နေအောင် ချစ်ပါသည်။ ဘာတစ်ခုမှ လိုလေသေး မရှိရအောင် ဂရုစိုက်ကြသည်။ ညီမလေး ပူစူးကလည်း သူ့ကို အရမ်းချစ်သည်။ မျက်နှာတစ်ချက် မညိုးစေရ။ သို့သော် သူ တစ်ခါမှ အသနားမခံခဲ့ရ၊ သူငယ်ချင်း အပေါင်းအသင်း ကြားမှာလည်း သူက ပြည့်စုံသူမို့ သူ့ကို မည်သူကမှ သနားစရာမလို။

အခုတော့ ကောင်မလေးတစ်ယောက်က ဘာမှ မဟုတ်ဘဲနှင့် သူ့ကို သနားကာနေသည်။ ပြီးတော့ အဲဒီကောင်မလေးက အရမ်းလှသည်။ ခပ်လှလှ ကောင်မလေး တစ်ယောက်၏ သနားကရုဏာထား ခံရခြင်းသည် သူ အခုသောက်နေသော ခေါက်ဆွဲပြုတ်ထက် အဆ တစ်သန်းလောက် ပို အရသာ ရှိပါသည်။

နောက်ဆုံး ဗညား ဆုံးဖြတ်ချက် ချလိုက်သည်။

သူသည် ထိုကောင်မကလေးနှင့် တွေ့သည့်အခါ စကားထစ်သူ တစ်ယောက် ဖြစ်သွားပြီ။

***